# H ဝင်းမြန်မာစာစနစ်အား ကွန်ပျူတာတွင်း ထည့်သွင်းနည်း

(၁) သင်၏ ကွန်ပျူတာမှ CD ROM Drive အတွင်းသို့ Win Myanmar Font Installation CD ကိုထည့်ပါ။ Win Myanmar software ကိုအလိုအလျောက် Install လုပ်ပေးရန် အောက်ပါ window ပေါ်လာပါလိမ့်မည်။ သင့် ကွန်ပျူတာရှိတတ်သော setting အချို့ကြောင့် အလိုအလျောက် Install မလုပ်ပါက My Computer ကို Double Click လုပ်ပါ။ ပြီးနောက် သင့် CD ROM ရှိသော Drive ကို Double Click လုပ်၍ WinMyanmar.exe file ကို Run ပါ။ အောက်ပါ window ပေါ်လာပါလိမ့်မည်။




(၃) ကွန်ပျူတာသုံး ဝင်းမြန်မာစာစနစ် အသုံးပြုခွင့် နားလည်မှု သဘောတူညီချက် (End User License Agreement) ကို ပြသပါမည်။ မြန်မာဘာသာဖြင့် ရေးသားထားသည်ကို တွေ့ရမည်ဖြစ်ပြီး၊ သင့်အနေဖြင့် သဘောတူ လက်ခံနိုင်မည် ဆိုပါက ‘သဘောတူပါသည်’ ကိုရွေးချယ်ပြီး၊ ‘ဆက်လုပ်ပါ’ ဆိုသော ခလုတ်ကို ကလစ်လုပ်လိုက်ပါ။




(၄) သင်သဘောတူပြီဆိုလျှင် ဤကွန်ပျူတာဆော့ဝဲကို သင့်ကွန်ပျူတာအတွင်းသို့ ထည့်သွင်းရန် အသင့်ဖြစ်ပါပြီ။ ထည့်သွင်းရန် သေချာပြီဆိုလျှင် Next ခလုတ်ကို ကလစ်လုပ်လိုက်ပါ။ အကယ်၍ မှားနိုပ်မိပါက Back ခလုတ်ကို ကလစ်နှိပ်ပြီး၊ နောက်ပြန်ဆုတ် နိုင်ပါသည်။




(၅) Next ကိုသင်နှိပ်လိုက်သည်နှင့် ဝင်းမြန်မာစာစနစ်ကို စတင်ထည့်သွင်းပါလိမ့်မည်။ အပြာရောင် အတုံးလေးများ ပြေးနေသည်ကို တွေ့ရပါလိမ့်မည်။ ခေတ္တလေး စောင့်ဆိုင်းပေးပါ။




(၆) ထိုအတောအတွင်း သင့်ကို အောက်ပါအတိုင်း မေးခွန်းတစ်ခု လာမေးပါလိမ့်မည်။ Microsoft Word နှင့် Microsoft Excel တို့တွင် မြန်မာဘာသာဖြင့် menu များ သင်ထည့်သွင်းလိုပါသလား။ ထည့်သွင်းလိုလျှင် Yes ကို နှိပ်ပါ။ မထည့်သွင်းလိုသေးလျှင် No ကို နှိပ်လိုက်ပါ။ မြန်မာဘာသာ menu များ မထည့်သွင်းတော့ဘဲ၊ အခြား software များကိုသာ ထည့်သွင်းပေးပါလိမ့်မည်။ အင်္ဂလိပ်စာ menu များနှင့် အကျွမ်းတဝင်ဖြစ်နေသူများ အနေဖြင့် No ကို ရွေးချယ်သင့်ပါသည်။




(၇) ဝင်းမြန်မာစာစနစ်ကို ထည့်သွင်းပြီးသွားပြီ ဖြစ်ပါသည်။ Finish ကို နှိပ်ရန်သာ လိုပါသည်။




(၈) ဝင်းမြန်မာစာစနစ်ကို ထည့်သွင်းပြီးသွားပြီ ဖြစ်၍ သင့်ကွန်ပျူတာကို Restart လုပ်ပါတော့မည်။ လုပ်မည်ဆိုလျှင် OK ကိုနှိပ်ပါ။ နောက်မှ လုပ်ပါမည် ဆိုလျှင် Cancel ကို နှိပ်လိုက်ပါ။



(၉) သင့်ကွန်ပျူတာကို restart လုပ်ပြီးနောက်တွင် သင့်ကွန်ပျူတာထဲတွင် မြန်မာဘာသာ font အမျိုးအစားပေါင်း ၈၀ ကျော်ခန့်ကို ရိုက်နှိပ် အသုံးပြုနိုင်ပါပြီ။ Start menu မှတစ်ဆင့်၊ Win Myanmar Systems V4.0 ကိုနှိပ်လိုက်လျှင် အောက်ပါကဲ့သို့ ထည့်သွင်းလိုက်သည့် ဆော့ဝဲများကို တွေ့ရပါလိမ့်မည်။

